

# နိုင်ငံတကာကာလုပ်ဖော်ဆောင်ဖက်များရဲ့ စစ်တမ်းအစီအရင်ခံချက်

music as therapy international

# ကျေးဇူးတင်ပါသည်

မြန်မာနိုင်ငံအပါအဝင်၊ တစ်ကမ္ဘာလုံးက လုပ်ဖော်ဆောင်ဖက်တွေဟာ '*Music as Therapy International*' ရဲ့ အထူးပညာရေးကိုလိုအပ်တဲ့ ကလေး၊ လူငယ်အရွယ်တွေကို ဂီတအားဖြင့် သင်ကြားပြသရေးဆိုတဲ့ ရူပါရုံကြီးကို ဖော်ဆောင်ရာမှာ အရမ်းကိုအရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ကြသူတွေဖြစ်ပါတယ်။ အဖွဲ့အစည်းအနေနဲ့ လိုအပ်တဲ့ သင်ကြားပို့ချခြင်းတွေ၊ သင်ထောက်ကူပစ္စည်းတွေကိုလည်း စီမံဆောင်ရွက်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ တကယ့်လက်တွေ့မှာ ဒီအရာတွေကို ဖော်ဆောင်ကြသူတွေဟာ အဖွဲ့အစည်းရဲ့လက်ဖော်ဆောင်ဖက်တွေကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ဆိုတော့၊ လက်တွေလုပ်ဆောင်ခြင်းကို အထိရောက်ဆုံးဖြစ်နိုင်အောင်၊ အဖွဲ့အစည်းအနေနဲ့ လုပ်ဖော်ဆောင်ဖက်တွေရဲ့ လုပ်ငန်းတွေဖြစ်တဲ့၊ ကလေး/လူငယ်တွေကို သင်ကြားပေးခြင်း၊ ဒီလိုသင်ကြားခြင်းတွေက ကလေးတွေကို ဘယ်အတိုင်းအတာအထိ အကျိုးပြုပါသလဲ အစရှိတာတွေကို သိနိုင်သမျှသိဖို့ ကြိုးစားကြရပါတယ်။ (၂၀၁၉-၂၀) မှာ၊ နိုင်ငံတကာကလုပ်ဖော်ဆောင်ဖက်တွေရဲ့ လုပ်ငန်းနဲ့သက်ဆိုင်တာတွေကို စာရင်းကောက်ယူပြီးတော့၊ အဖွဲ့အစည်းရဲ့ လုပ်ဆောင်နေတာတွေ ဘယ်အတိုင်းအတာအထိ ထိရောက်မှုရှိတယ်ဆိုတာကို သိနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ကြိုးစားပြီးတော့ ပါဝင်ခဲ့ကြတဲ့သူတွေအားလုံးကို အထူးကျေးဇူးတင်ကြောင်းကိုလည်း သိရှိစေလိုပါတယ်။

စာရင်းကောက်တဲ့အခါမှာ၊ နိုင်ငံ (၇) နိုင်ငံက ကျောင်းပေါင်း (၅၆) ကျောင်းက ဆရာ/ဆရာမပေါင်း (၇၂) ဦး ပူးပေါင်း ပါဝင်ခဲ့ကြပါတယ်။ သူတို့ ထည့်ဝင်ပြောကြားထားတဲ့အရာတွေ၊ အချက်အလက်တွေဟာ အဖွဲ့အစည်းအတွက် အလွန်အသုံးဝင်ပြီးတော့၊ ရှေ့ဆက်ထပ်တိုးလုပ်ဆောင်ဖို့ တွန်းအားတွေဖြစ်စေပါတယ်။ စာရင်းကောက်ယူမှုမှာ ပါဝင်တဲ့ သူတွေအားလုံးရဲ့ တုန့်ပြန်ချက်ကို မရနိုင်ပေမဲ့လည်း၊ အဖွဲ့အစည်းအနေနဲ့ ရနိုင်တဲ့အချက်အလက်တွေအားလုံးကို စုစည်းပြီးတော့ ရရှိလာတဲ့အရာတွေက လုပ်ဖော်ဆောင်ဖက်တွေရဲ့ အတွေ့အကြုံတွေကို ကိုယ်စားပြုဖော်ပြပေးနိုင်တယ် လို့ ယုံကြည်ခံယူပါတယ်။ ဒေသဆိုင်ရာအောင်မြင်မှုအချို့၊ လုပ်ဖော်ဆောင်ဖက်တွေရဲ့ အလုပ်အပေါ်မှာဂုဏ်ယူရတဲ့အရာတွေနဲ့ သူတို့လုပ်ဆောင်မှု ရဲ့ အကျိုးသက်ရောက်မှုတွေကို ဖော်ပြသလိုတဲ့အနေနဲ့ အစီရင်ခံချက်အချို့ကို လုပ်ဆောင်ထားပါတယ်။

# နိုင်ငံတကာလုပ်ဖော်ဆောင်ဖက်တွေကို ခြုံငုံဖော်ပြပေးခြင်း



music as therapy international

# နိုင်ငံတကာလုပ်ဖော်ဆောင်ဖက်တွေကို ခြုံငုံဖော်ပြပေးခြင်း

*'Music as Therapy International'* နဲ့ (၁၉၉၈) ကတည်းက စတင်လက်တွဲလုပ်ဆောင်ခဲ့ကြတဲ့ လုပ်ဖော်ဆောင်ဖက်တွေ ရှိသလို၊ (၂၀၂၁) အထိလည်း လုပ်ဖော်ဆောင်ဖက်တွေထပ် တိုးလာတာရှိပါတယ်။ အများစုကတော့၊ ယခုအချိန်ထိ ဂီတကို အသုံးပြုပြီးသင်ကြားပေးနေဆဲဖြစ်ပါတယ်၊ ပျမ်းမျှအားဖြင့် နိုင်ငံတကာကလုပ်ဖော်ဆောင်ဖက်တွေဟာ ဂီတကို အသုံးပြုပြီးသင်ကြားပေးလာကြတာ (၇) နှစ်တာ ရှိလာခဲ့ပြီဖြစ်ပါတယ်။

အချို့သောလုပ်ဖော်ဆောင်ဖက်တွေကတော့၊ အဖွဲ့အစည်းချမှတ်မိတ်ဆက်သင်ကြားပြသပေးခဲ့တဲ့ ဂီတနဲ့ဆိုင်တဲ့ သင်ခန်းစာတွေ (သို့) အဲဒီမူတွေကိုလိုက်နာပြီး သင်ကြားပေးနေကြတာတွေရှိပါတယ်။ အချို့သောသူတွေကတော့ ကိုယ်ပိုင်ဟန်နဲ့ မိမိတို့သင်ကြားပေးနေတဲ့အခြေအနေ၊ ဒေသနဲ့ကိုက်ညီမှုရှိတဲ့ သင်ကြားမှုတွေကို လုပ်ဆောင်နေကြ ပါတယ်။

## တစ်ကမ္ဘာလုံးက လုပ်ဖောင်ဆောင်ဖက်များ




ဒီလိုစာရင်းကောက်ယူတဲ့ အခါမှာ ကျောင်းပေါင်း (၅၆) ကျောင်းက သက်ဆိုင်သူတွေ ပါဝင်ခဲ့ကြပါတယ်။




ကျောင်းသားပေါင်း (၉၈၆၈) ဦးဟာ ဂီတသင်ခန်းစာတွေကို အဲဒီလုပ်ဖော်ဆောင်ဖက် ဆရာမ/ဆရာ တွေအားဖြင့် သင်ကြားခံယူနေကြတာဖြစ်ပါတယ်။

အောက်မှာပါတဲ့ မြေပုံကတော့ နိုင်ငံတွေရဲ့ပါဝင်မှုအချိုးကို ပြသပေးထားခြင်းဖြစ်ပါတယ်။




## လုပ်ဖော်ဆောင်ဖက်တွေသင်ကြားပေးတဲ့ အထူးသင်ကြားခံဖို့လိုတဲ့သူများ

အောက်မှာပြထားတဲ့ ဇယားကတော့ အဖွဲ့အစည်းရဲ့တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်ဖော်ဆောင်ဖက်တွေ သင်ကြားပြသ ပေးနေတဲ့ ကျောင်းသား/သူတွေရဲ့အသက်အရွယ်ဖြစ်ပါတယ်။






အဲဒီလုပ်ဖော်ဆောင်ဖက်တွေဟာ အထူးပညာရေးလိုအပ်တဲ့ ဆက်သွယ်မှုဆိုင်ရာအခက်အခဲရှိတဲ့၊ အာရုံစူးစိုက်ဖို့ ခက်ခဲ့တဲ့၊ သင်ယူမှုဆိုင်ရာအခက်အခဲရှိတဲ့၊ အလွန်အမင်းတက်ကြွတဲ့နေတဲ့ ကလေး/လူကြီးတွေ အတွက် ဂီတကို အသုံးပြီး သင်ကြားပေးနေကြတာ ဖြစ်ပါတယ်။

## ဂီတအသုံးပြုပြီးသင်ကြားချိန်များ

စာရင်းကောက်ယူမှုမှာပါဝင်ကြတဲ့ လုပ်ဖော်ဆောင်ဖက်တွေအားလုံးရဲ့ (၆၇%) ဟာ ဂီတကို အသုံးပြုပြီး ပုံမှန် သင်ကြား ပို့ချပေးနေကြသူတွေဖြစ်ပါတယ်။ (၉၂%) သော လုပ်ဖော်ဆောင်ဖက်တွေက မိမိတို့နဲ့ သက်ဆိုင်တဲ့ သူတွေကို ဂီတကို ဘယ်လိုအသုံးပြုပြီးသင်ကြားပေးရမယ်ဆိုတာကို ဝေမျှပေးကြပြီးတော့၊ (၈၃%) သော သူတွေက တခြားသူတွေနဲ့ ဂီတအသုံးပြုပြီးသင်ကြားပေးခြင်းတွေကို ဆွေးနွေးဖြစ်ကြပါတယ်။

ညာဖက်မှာပါတဲ့ ပုံချပ် (Venn diagram) ကတော့ နိုင်ငံတကာလုပ်ဖော်ဆောင်ဖက်တွေရဲ့တစ်ဦးချင်း (သို့) အဖွဲ့လိုက် သင်ကြားပြသမှုကို ပြထားပေးတာဖြစ်ပါတယ်။




ဘယ်ဖက်မှာရှိတဲ့ စက်ဝိုင်းပုံချပ် (pie chart) ကတော့ ဂီတအသုံးပြုသင်ကြားခြင်းကို ပုံမှန်အသုံးပြုနေကြတဲ့ နိုင်ငံတကာ လုပ်ဖော်ဆောင်ဖက်တွေရဲ့ လုပ်ဆောင်မှုကို ပြထားပေးတာဖြစ်ပါတယ်။

## မိတ်ဆက်သင်ကြားပေးခြင်းစီမံကိန်း၏ အကျိုးသက်ရောက်မှု

မိတ်ဆက်သင်ကြားပေးခြင်းစီမံကိန်း စတင်ကတည်းက၊ -

(၉၉%) သော လုပ်ဖော်ဆောင်ဖက်များက မိမိတို့သင်ကြား ခံယူရတဲ့အရာများက မိမိတို့သင်ကြားခြင်း၊ လုပ်ဆောင်ခြင်းနဲ့ ပြုစုပျိုးထောင်သည့်နည်းလမ်းများကို များစွာ အကျိုးသက်ရောက်မှုရှိစေကြောင်း ပြောဆိုကြပါတယ်။

(၉၂%) သော လုပ်ဖော်ဆောင်ဖက်များက မိမိတို့သင်ကြား ခံယူချက်များက ဂီတအသုံးပြုသင်ကြားပေးခြင်းသာမက၊ အခြားလုပ်ဆောင်မှုနယ်ပယ်များကိုလည်း အကျိုးသက်ရောက်မှု ရှိကြောင်း သတိပြုမိကြပါတယ်။

(၉၇%) သော လုပ်ဖော်ဆောင်ဖက်များက၊ မိမိတို့လုပ်ဆောင်တဲ့ ဂီတအသုံးပြုသင်ကြားခြင်းကို အလွန်ဂုဏ်ယူမိကြောင်း မှတ်ချက်ပြုကြပါတယ်။

(၉၄%) သူများက ပိုမိုယုံကြည်မှု ရှိလာ ကြောင်းပြောဆိုကြပြီး။

(၉၀%) သောသူများက မိမိတို့လုပ်ဆောင်မှုတာဝန်ပိုမိုကြီးမားကျယ်ပြန့်လာကြောင်း တွေ့ရှိရပြီးတော့။

(၉၂%) သော လုပ်ဖော်ဆောင်ဖက်များက မိမိတို့အလုပ်မှာ ပိုမိုနှစ်မြှုပ်လုပ်ဆောင်လာကြကြောင်းကို စစ်တမ်းအရ လေ့လာတွေ့ရှိရပါတယ်။

## ဂီတအသုံးပြုသင်ကြားခြင်းရဲ့ အကျိုးသက်ရောက်မှု

(၈၉%) သော လုပ်ဖော်ဆောင်ဖက်များက အထူးသင်ကြားမှုလိုအပ်တဲ့ ကလေးငယ်တွေကို ဂီတအားဖြင့် သင်ကြားပြသခြင်းက များစွာ အကျိုးရှိစေတယ်လို့ ဖော်ပြပြောဆိုကြပါတယ်။

လုပ်ဖော်ဆောင်ဖက်အများစုကတော့ သူတို့လုပ်ဆောင်မှုမှာ တွေ့ရတဲ့ အမြင့်ဆုံးအကျိုးရလဒ်တွေအနေနဲ့၊ ပျော်ရွှင်မှု၊ ပူးပေါင်းပါဝင်လုပ်ဆောင်မှု၊ စိတ်ခံစားမှုဖော်ပြနိုင်ခြင်း၊ အာရုံစူးစိုက်နိုင်ခြင်းနဲ့ စိတ်ဖိစီးမှုလျော့ချနိုင်ခြင်းတွေကို ရရှိတယ်လို့ တွေ့ရှိရပါတယ်။

## အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရတဲ့ အတွေ့အကြုံ

တစ်ကမ္ဘာလုံးက လုပ်ဖော်ဆောင်ဖက်တွေရဲ့ (၈၆%) သောသူတွေက မိတ်ဆက်သင်ကြားပေးခြင်းစီမံကိန်းမှာ ပါဝင်သင်ကြားခံဖို့ ဖိတ်ခေါ်ရတာ ပိုမိုလွယ်ကူလာတယ် လို့ ခံစားကြရပါတယ်။

(၉၂%) သောသူတွေကတော့ သင်တန်းမှာ ပါဝင်ရတာ ပျော်ရွှင်ကြတယ်လို့ ပြောကြပါတယ်။

ပြီးတော့ (၉၂%) သောလုပ်ဖော်ဆောင်ဖက်တွေက သင်ကြားပေးတဲ့ ဆရာ/ဆရာမတွေက အရည်အချင်းပြည့်ဝတဲ့ နည်းပြတွေဖြစ်တယ်လို့ ပြောကြပြီးတော့၊ သူတို့လိုချင်တဲ့ အတွေ့အကြုံတွေလည်းရှိထားကြတယ် လို့ ပြောကြပါတယ်။

(၈၉%) ကတော့ *'Music as Therapy International'* က ထပ်မံလုပ်ဆောင်မှုပေးမှုတွေက အရမ်းကိုအရေးပါတယ်လို့ ဆိုကြပါတယ်။

(၈၆%) ကတော့ *'Music as Therapy International'* ကို အခြားသူတွေကိုလည်း ပို့ချသင်ကြားပေးဖို့အတွက် တိုက်တွန်းကြပါတယ်။


မြန်မာနိုင်ငံ
music as therapy
international

# မြန်မာနိုင်ငံ

'Music as Therapy International' အနေဖြင့် မြန်မာနိုင်ငံမှာ (၂၀၁၉) ကတည်းက စတင်လုပ်ဆောင် သင်ကြားပေး နေခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ၊ ဒီအဖွဲ့အစည်းက ဆရာမတစ်ဦးရဲ့ လုပ်ဆောင်မှုအားဖြင့် လက်ရှိနောက်ဆုံး သင်ကြား ပို့ချမှုတွေ လုပ်ဆောင်နေတဲ့နေရာဖြစ်ပါတယ်။

## အကျိုးသက်ရောက်မှု




ဒီစစ်တမ်းကောက်ယူမှုမှာပါဝင်တဲ့ ကျောင်းသုံးကျောင်းဟာ ဂီတအသုံးပြုပြီးသင်ကြားပေးတဲ့ ကျောင်းတွေဖြစ်ပါတယ်၊ သူတို့သင်ပေးတဲ့အရာတွေဟာ 'MasT' ရဲ့ စီမံကိန်းတချို့ကနေပြီးတော့ ဖြစ်တည်လာကြတာ ဖြစ်ပါတယ်။




မြန်မာပြည်က လုပ်ဖော်ဆောင်ဖက်တွေရဲ့ကြိုးပမ်းမှုကြောင့် အယောက် (၉၀) သော ကလေးငယ်တွေဟာ ဂီတအသုံးပြုပြီးတော့ သင်ကြားပေးတာတွေကို ခံယူခွင့်ရကြပြီးဖြစ်ပါတယ်။

## လုပ်ဖော်ဆောင်ဖက်တွေသင်ကြားပေးတဲ့ အထူးသင်ကြားခံဖို့လိုတဲ့သူများ




ဘယ်ဖက်က စက်ဝိုင်းပုံချပ် (Pie chart) ကတော့ မြန်မာပြည်က လုပ်ဖော်ဆောင်ဖက်တွေရဲ့ သင်ကြားမှုမှာပါဝင်တဲ့ အထူးပညာရေးလိုအပ်တဲ့ ကလေးငယ်တွေရဲ့ အသက်အရွယ်ကို ပြပေးထားတာဖြစ်ပါတယ်။

ညာဖက်က တိုင်အနိမ့်အမြင့်ပြဇယားချပ် (Bar chart) ကတော့ မြန်မာပြည်က လုပ်ဖော်ဆောင်ဖက်တွေ သင်ကြားပေးတဲ့အခါမှာ သင်ယူမှုအခက်အခဲအမျိုးမျိုးရှိတဲ့ ကလေးငယ်တွေရဲ့ ရာခိုင်နှုန်းကို ပြသပေးထားတာ ဖြစ်ပါတယ်။




## ဂီတအသုံးပြုပြီးသင်ကြားချိန်များ

မြန်မာပြည်က လုပ်ဖော်ဆောင်ဖက်တွေရဲ့ (၆၇%) ကတော့ ဂီတအသုံးပြုပြီးသင်ကြားပေးတာတွေက သူတို့အလုပ်ရဲ့ အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်လာပြီးတော့၊ ကျောင်းရဲ့သင်ကြားမှုမှာလည်း အတည်တကျဖြစ်လာတယ်လို့ ခံစားလာကြပါတယ်။

စစ်တမ်းကောက်ယူမှုမှာပါဝင်ခဲ့ကြတဲ့ (၆၇%)သော လုပ်ဖော်ဆောင်ဖက်တွေက ဂီတအသုံးပြုပြီး သင်ကြားပေးတာတွေကို တစ်ပတ်မှာ တစ်ကြိမ် (သို့) တစ်ကြိမ်ထက်ပိုပြီးတော့ သင်ကြားခြင်းကို ပုံမှန်လုပ်ဆောင်နေကြ ပြီး၊ (၃၃%) ကတော့ တခါတလေမှာ လုပ်ဆောင်လေ့ရှိတယ်လို့ ဆိုကြပါတယ်။

မြန်မာပြည်ကလုပ်ဖော်ဆောင်ဖက်တွေ အားလုံးက အဖွဲ့လိုက်သင်ကြားပေးရာမှာ ဂီတအသုံးပြုသင်ကြားပို့ချပေးပြီး၊ ကျောင်းတစ်ကျောင်းကတော့ တစ်ဦးချင်း သင်ကြားပေးရာမှာလည်း အသုံးပြုတယ်လို့ ဆိုပါတယ်။

(၁၀၀%) သော မြန်မာပြည်က လုပ်ဖော်ဆောင်ဖက်တွေက သူတို့နဲ့ သက်ဆိုင်သူတွေကို ဂီတကိုအသုံးပြုသင်ကြားတာကို လုပ်ဆောင်ပြသပေးကြတယ်ဆိုကြပြီး၊ (၆၇%) တခြားသူတွေနဲ့ ဘယ်လိုအသုံးပြုသင်ကြားရမယ်ဆိုတဲ့ အကြောင်းတွေ ပြောဖြစ်ကြတယ်လို့ ဆိုကြပါတယ်။

## မိတ်ဆက်သင်ကြားပေးခြင်းစီမံကိန်း၏ အကျိုးသက်ရောက်မှု

မြန်မာနိုင်ငံက လုပ်ဖော်ဆောင်ဖက်တွေကို မိတ်ဆက်သင်ကြားပေးခြင်းစီမံကိန်း စတင်ပြီးတော့ -

(၁၀၀%) သော လုပ်ဖော်ဆောင်ဖက်များက မိမိတို့သင်ကြား ခံယူရတဲ့အရာများက မိမိတို့သင်ကြားခြင်း၊ လုပ်ဆောင်ခြင်းနဲ့ ပြုစုပျိုးထောင်သည့်နည်းလမ်းများကို များစွာ အကျိုးသက်ရောက်မှုရှိစေကြောင်း ပြောဆိုကြပါတယ်။

(၁၀၀%) သော လုပ်ဖော်ဆောင်ဖက်များက မိမိတို့သင်ကြား ခံယူချက်များက ဂီတအသုံးပြုသင်ကြားပေးခြင်းသာမက၊ အခြားလုပ်ဆောင်မှုနယ်ပယ်များကိုလည်း အကျိုးသက်ရောက်မှု ရှိကြောင်း သတိပြုမိကြပါတယ်။

(၁၀၀%) သော လုပ်ဖော်ဆောင်ဖက်များက၊ မိမိတို့လုပ်ဆောင်တဲ့ ဂီတအသုံးပြုသင်ကြားခြင်းကို အလွန်ဂုဏ်ယူမိကြောင်း မှတ်ချက်ပြုကြပါတယ်။

(၁၀၀%) သူများက ပိုမိုယုံကြည်မှု ရှိလာ ကြောင်းပြောဆိုကြပြီး။

(၁၀၀%) သောသူများက မိမိတို့လုပ်ဆောင်မှုတာဝန်ပိုမိုကြီးမားကျယ်ပြန့်လာကြောင်း တွေ့ရှိရပြီးတော့။


(၁၀၀%) ဝသော လုပ်ဖော်ဆောင်ဖက်များက မိမိတို့အလုပ်မှာ ပိုမိုနှစ်မြုပ်လုပ်ဆောင်လာကြကြောင်းကို စစ်တမ်းအရ လေ့လာတွေ့ရှိရပါတယ်။

"သင်ကြားခံတဲ့ကလေးငယ်တွေကို ဂီတအသုံးပြုပြီး ကိုယ့်ရဲ့စိတ်ခံစားချက်ကို ဖော်ပြနိုင်ဖို့ အထောက်အကူ ဖြစ်စေတယ် ဆိုတဲ့အချက်ကို အရမ်းသဘောကျမိပါတယ်။ ပြောပြတာကို ပိုပြီးနားထောင်လာကြသလို၊ အခန်းတွင်းသင်ကြားမှုမှာ လိုအပ်တဲ့ အပြန်အလှန်ဆက်ဆံရေးကိုလည်း ပိုမိုနီးစပ်၊ ကောင်းမွန်လာစေပါတယ်။"

*('Flowers Special Education and Physiotherapy Centre'၊ ၂၀၂၀)*


## ဂီတအသုံးပြုသင်ကြားခြင်းရဲ့ အကျိုးသက်ရောက်မှု

အောက်မှာပြထားတဲ့ တိုင်အနိမ့်အမြင့်ပြဇယားချပ်ကတော့ မြန်မာနိုင်ငံကလုပ်ဖော်ဆောင်ဖက်တွေ ပြောပြထားတဲ့ ဂီတအသုံးပြုသင်ကြားပေးရာမှာ၊ သူတို့ သင်ကြားပေးတဲ့ ကလေးငယ်တွေရရှိခံစားရတဲ့ အကျိုးသက်ရောက်မှုတွေကို ရာခိုင်နှုန်းတွေနဲ့ ဖော်ပြပေးထားတာဖြစ်ပါတယ်။




## အဖွဲ့အစည်းနဲ့အလုပ်လုပ်ရတဲ့အတွေ့အကြုံ

အောက်မှာပြထားတဲ့ ဇယားချပ်ကတော့ မြန်မာနိုင်ငံကလုပ်ဖော်ဆောင်ဖက်တွေ ပြောပြထားတဲ့ '*Music as Therapy International*' နဲ့ လက်တွဲလုပ်ဆောင်ရာမှာ၊ အဖွဲ့အစည်းထုတ်ပြန်ထားတဲ့အချက်အလက်တွေနဲ့ သဘောတူညီမှုရှိတဲ့ ရာခိုင်နှုန်းကို ဖော်ပြပေးထားတာဖြစ်ပါတယ်။



# အဓိကသင်ယူရရှိချက်များ

ဂီတအသုံးပြုသင်ကြားပေးတာဟာ အဖွဲ့အစည်းရဲ့ နိုင်ငံတကာလုပ်ဖော်ဆောင်ဖက်တွေရဲ့ သင်ကြားလုပ်ဆောင်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်လာပါတယ်။ လုပ်ဖော်ဆောင်ဖက်တွေဖြည့်စွက်ထားတဲ့ စစ်တမ်းတွေမှာ အဓိကသင်ယူရရှိတဲ့အခြားအချက်တွေဖြစ်တဲ့၊ လာမယ့်အနာဂတ်မှာ မိတ်ဆက်သင်ကြားပေးခြင်း စီမံကိန်းတွေကို လုပ်ဆောင်ရာမှာ ဒေသခံတွေကို ပိုမိုနားလည်စေတဲ့ရာနဲ့ လက်ရှိလုပ်ဖော်ဆောင်ဖက်တွေကို ဘယ်လိုကူညီနိုင်မလဲ ဆိုတဲ့ နည်းလမ်းတွေ အစရှိတဲ့အရာတွေ အများကြီးကိုတွေ့ရှိရပါတယ်။

**ဂီတရဲ့ကုသနိုင်စွမ်းအကျိုးကျေးဇူးများ -** လုပ်ဖော်ဆောင်ဖက်တွေရဲ့ အတွေ့အကြုံတွေကို အခြေခံပြီး စစ်တမ်း ကောက်ယူရာမှာ ဖြည့်စွက်ပါဝင်မှုက အထူးစောင့်ရှောက်သင်ကြားမှုလိုအပ်တဲ့ ကလေး၊ လူကြီးတွေကို ယခင်ထက်ပိုတဲ့ သင်ယူမှုအခွင့်အလမ်းတွေကို ရရှိလာစေပြီးတော့၊ ပိုမိုထိရောက်တဲ့ ဝန်ဆောင်မှုတွေကို ပေးစွမ်းနိုင်ဖို့ များစွာ အထောက်အကူဖြစ်စေပါတယ်။ လုပ်ဖော်ဆောင်ဖက်အများကြီးကတော့၊ ဒီလိုအတွေ့အကြုံတွေကို ဖလှယ်ကြခြင်းအားဖြင့်၊ သူတို့တစ်ကိုယ်ရည်တိုးတက်မှုကိုလည်း အကျိုးပြုစေပြီးတော့၊ ဂီတအသုံးပြုသင်ကြားခြင်းက သင်ကြားခံသူတို့ရဲ့ မိသားစုဝင်အချို့နဲ့ ပိုမိုခိုင်မြဲတဲ့ ချိတ်ဆက်မှုမျိုးဖြစ်စေတယ်ဆိုတာကို တွေ့ရှိရတယ်လို့ ဆိုကြပါတယ်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အလေးထားစူးစိုက်မှု မတူညီကြသလို၊ သင်ကြားခံသူတွေရဲ့ အခြေအနေတွေလည်း မတူညီကြပေမယ့်၊ နိုင်ငံတကာက လုပ်ဖော်ဆောင်ဖက်တွေမှာ တူညီတဲ့ဖြစ်ရပ်များစွာကို တွေ့ရှိရပါတယ်။

**ဆက်လက်တည်ရှိနေမည့် အကျိုးသက်ရောက်မှု -** *'Music as Therapy International'* ရဲ့ မိတ်ဆက်သင်ကြားပေးခြင်း မှ တဆင့်၊ နိုင်ငံတကာလုပ်ဖော်ဆောင်ဖက်တွေဟာ သူတို့နဲ့သက်ဆိုင်ရာဒေသမှာရှိတဲ့ အထူးသင်ကြားခံယူမှုလိုအပ်တဲ့ သူတွေကို ဂီတအားဖြင့်သင်ကြားပေးခြင်းတွေကို ဆောင်လာနိုင်ကြပြီဖြစ်ပါတယ်။ ထပ်မံဖြည့်စွက် ပံ့ပိုးပေးခြင်း အားဖြင့်၊ ဂီတသင်ခန်းစာတွေကို သူတို့ရဲ့သက်ဆိုင်ရာ သင်ကြားခြင်းတွေမှာ နှစ်ရှည်လများ အမှီအခိုကင်းစွာဖြင့် လုပ်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

**လုပ်ဆောင်နိုင်စွမ်းမြှင့်တင်ပေးခြင်း -** လုပ်ဖော်ဆောင်ဖက် အများကြီးက ဂီတအသုံးပြု သင်ကြားခြင်းဆိုင်ရာ သင်တန်းတွေက သူတို့နဲ့သက်ဆိုင်တဲ့ ကျွမ်းကျင်မှုနယ်ပယ်ကို အများကြီးတိုးတက်စေတယ်လို့ ဆိုကြပါတယ်။ လုပ်ဖော်ဆောင်ဖက်တွေအများကြီးရဲ့ ကျွမ်းကျင်မှုဝေမျှကြခြင်းနှင့် သူတို့ရဲ့ သက်ဆိုင်ရာ ဒေသတွေမှာ ဂီတအသုံးပြုသင်ကြားခြင်းကို ချဲ့ထွင်လုပ်ဆောင်ကြခြင်းကြောင့် ဒေသဆိုင်ရာခေါင်းဆောင်မှုတွေလည်း ခိုင်မာစွာ ရပ်တည်လာနိုင်ကြပါတယ်။

**လုပ်ဖော်ဆောင်ဖက်တွေရဲ့ လိုအပ်ချက်များကို နားစွန့်ခြင်း -** အဖွဲ့အစည်း အနေနဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်ရာမှာ လုပ်ဖော်ဆောင်ဖက်တွေရဲ့ ဦးဆောင်မှုကို လွန်စွာ အလေးထားပါတယ်၊ ဒီလိုလုပ်ခြင်းအားဖြင့် လုပ်ဆောင်မှုတစ်ခုချင်းစီက သက်ဆိုင်ရာဒေသရဲ့ လိုအပ်ချက်တွေကို ထိရောက်စွာ ဖြည့်စွက်ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒါပေမဲ့လည်း၊ လုပ်ဖော်ဆောင်ဖက်တွေရဲ့ တုန့်ပြန်ချက်တွေကို လေ့လာကြည့်တဲ့အခါမှာ အဲဒီအဆင့်အထိ မလုပ်ဆောင်နိုင်သေးတာကို တွေ့ရပါတယ်။ ကြားလွယ် သိလွယ်တဲ့ အမြင်တချို့ကိုပဲ နားစွန့်မိတာမျိုးဖြစ်ပြီးတော့၊ အဖွဲ့အစည်းရဲ့ အားနည်းချက်တွေကို ပိုမိုသိမြင်လာနိုင်စေဖို့အတွက် အဖွဲ့အစည်းအနေနဲ့ ယခုလုပ်ဆောင်နေတဲ့အရာတွေကို ပိုမိုပြီးတော့ အားထည့်လုပ်ဆောင်သွားဖို့ လိုအပ်ပါသေးတယ်။

**အထောက်အပံ့ရရှိနိုင်ရန်စီမံခြင်း -** အဖွဲ့အစည်းရဲ့ လုပ်ဖော်ဆောင်ဖက်တွေက သူတို့နဲ့ သက်ဆိုင်တဲ့ဒေသတွေမှာ သူတို့ရယူလိုတဲ့အထောက်အပံ့တွေကို ရှင်းလင်းတိကျစွာနဲ့ ပြောပြပေးထားပါတယ်။ အဲဒီ အချက်တွေထဲမှာ အောက်ပါအချက်တွေပါဝင်ပါတယ်...

- ဂီတသင်ကြားမှုဆိုင်ရာ သင်ထောက်ကူတွေကို ပိုမိုလုပ်ဆောင်ပေးဖို့ (အထူးသဖြင့် ဦးနှောက်ထိခိုက်မှုရှိလို့ မှတ်ညဏ်ချွတ်ယွင်းဖြစ်တဲ့သူတွေ (dementia) နဲ့ စိတ်ဒဏ်ရာခံစားရသူတွေ (trauma) ကို သင်ကြားဖို့)။
- *'Music as Therapy International'* နှင့် ချိတ်ဆက်ပြီး လုပ်ဆောင်နေကြတဲ့ နိုင်ငံတကာက လုပ်ဖော်ဆောင်ဖက်တွေ အချင်းချင်း အတွေ့အကြုံတွေ ဖလှယ်နိုင်တဲ့ အခွင့်အရေးတွေဖန်တီးပေးဖို့။
- လုပ်ဖော်ဆောင်ဖက်တွေရဲ့ လုပ်ဆောင်မှုတွေကို ကြီးကြပ်ညွှန်ကြားပေးမယ့်သူတွေ ရရှိနိုင်ဖို့။
- လိုအပ်ချက်ပေါင်းစုံရှိတဲ့ ကျောင်းသား/သူ အသစ်တွေကို သင်ကြားပေးရာမှာ လုပ်ဖော်ဆောင်ဖက်တွေရဲ့ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မယ့် သင်တန်းတွေပြုလုပ်ပေးဖို့။
- ယခင်ရှိထားတဲ့ ဂီတတူရိယာတွေကို အသစ်သောအရာတွေနဲ့ ထပ်မံဖြည့်စည်းပေးနိုင်စေဖို့။

**ချိန်းချက်လုပ်ဆောင်ခြင်း -** ကိုဗစ်ကပ်ဘေးကြီးရဲ့ နှောင့်ယှက်တာကို ခံရပေမယ့်၊ လုပ်ဖော်ဆောင်ဖက်တွေရဲ့ အားတက်သရောပါဝင် စစ်တမ်းကောက်ယူမှုကြောင့် အဖွဲ့အစည်းကို လွန်စွာအားရှိလာစေ ပါတယ်။ ကိုယ်တွေ့ကြုံ ဖြတ်သန်းရတဲ့ အဖြစ်တွေကို ဝေမျှကြတာ၊ ဆက်လက်သင်ယူနေကြတာ တွေက သူတို့နဲ့ သက်ဆိုင်ရာကျောင်းမှာ သူတို့ လုပ်ဆောင်သင်ကြားနေမှုတွေကို ဘယ်လောက်ထိ အလေးထားကြတယ် ဆိုတာကို သိသာမြင်သာစေပါတယ်။ ဒေသတစ်ခုချင်းစီမှာ၊ အဖွဲ့အစည်းရဲ့ကူညီပံ့ပိုးမှုတွေနဲ့ နည်းပညာပိုင်းတိုးတက်လာမှုတွေကို ကြည့်ပြီး၊ နောင်လာမယ့်အနာဂတ်မှာ လုပ်ဖော်ဆောင်ဖက်တစ်ဦးချင်းစီကို ဂီတအသုံးပြုသင်ကြားခြင်းမှာ ဘယ်လို အထောက်အကူပေးနိုင်မလဲဆိုတာက စဉ်းစားကြည့်တာနဲ့ စိတ်လှုပ်ရှားစရာကောင်းလှပါတယ်။



Music as Therapy International
Mowll Street Business Centre
11 Mowll Street
London SW9 6BG

music as therapy international

Tel. +44 (0) 20 7735 3231
Email: info@musicastherapy.org
Skype: mastinternational